

ကိုဓနောက်ယိုး

(ကိုစံရွှေမြင့် ရှင့်

သည်ကာနံမယ် အင်္ဂါအပြည့်အစုံကတော့ ချိုသက်ပိုင်ရယ်ပါ တချို့ကတော့ ခါးဖြတ်ပြီးပိုင် ..တဲ့ ပိုင့် ခါကိုတော့ မိတ်ဆက်ခါလို့ပဲ ယူဆ ယူဆ ကူညီမှုပေးတဲ့ ခါလို့ပဲ သတ်မှတ် သတ်မှတ်၊ အနှောင့် အယှက်ပေးတယ်လို့ပဲထင်ထင် ဒီလိုပါတဲ့ရှင်

ခုတလော ကိုစံရွှေမြင့် ရေးနေတဲ့ ဇာတ်လမ်းတွေဟာ မရိုးရဘူး ဒါပေမဲ့ ပိုင်က မကောင်းဘူး ရယ်လို့ဆိုလိုတာ ဟုတ်ဖူးနော.. အချိုကြိုက်တဲ့လူ အခပ်ကြိုက်တဲ့သူ -အချဉ်ကြိုက်တဲ့သူ ...ဒီလိုရှိကြတာကလား အချိုကြိုက်တဲ့သူက ချဉ်တာမကောင်းဘူးဆိုတော့ လည်း မဖြစ်သေးဘူးပေါ့။


ဒါပေမယ့် ပိုင်ကတော့ ရယ်ရတာမျိုးပဲ နှစ်သက်တယ်လေ.. ဒါကြောင့် ရီရမယ်ထင်တဲ့ ဟောဒီဇာတ်လမ်း ပိုတာကိုဖြတ် ဒီလိုနည်း နည်းပြုပြင် ယူမယ်ဆိုရင် ကိုစံရွှေမြင့်အတွက် ဇာတ်လမ်းကောင်း ကလေး တပုဒ်ဖြစ်လာနိုင်ပါတယ်၊ သည်ဇာတ်လမ်းကတော့ တပေါင်းလမော်တင်ခွန်းဘုရားပွဲတော်ကို ပိုင်ရောက်ခဲ့တယ် အဲဒီမှာ တွေ့ကြုံဖြစ်ပျက်ခဲ့တဲ့ ပိုင့်ကိုယ်တွေ့ဇာတ်လမ်းကလေးရယ်ပါ .. ဖတ်ကြည့်ပြီး နှစ်သက်မယ်ဆိုရင် သုံးပေါ့ မင်းသားက စံရွှေမြင့် ပဲပေါ့။ အပေါင်းအသင်းကတော့ကိုငြိမ်းမောင်တို့အုပ်စု.. အဲမင်းသမီးကို ပိုင်လို့သုံးရင်လည်း စိတ်မဆိုးပါဘူးလို့

ပေါ်တယ်မထင်နဲ့နော်

ချိုသက်ပိုင်


သူတပါး၏ဇာတ်လမ်းအား ကျနော်မရေးလိုပါ သို့သော် မော်တင်ခွန်း ဘုရားပွဲတွင် တွေ့ကြုံခဲ့သော အတွေ့အကြုံဟူ၍ ဆိုထားသောကြောင့် စိတ်ဝင်စားမိသလိုလို
ပြီးတော့ ပရိသတ်၏ ခေတ နာအား အလေးအနက်ထား ရမည်ပင် မဟုတ်လော
ကျနော် သူ့ဇာတ်လမ်းကို စိတ်ဝင်စားစွာ ဖတ်ရှုနေ မိပါသတည်း . .
ကိုနောက်ပိုး

ကွင်းပြင်တွင် ပုဇင်းကြီးများပမာ ရပ်နေကြသော လေယာဉ်များကို မှန်ချပ်များမှနေ၍ အမွန်နှင့် ပိုင်တို့က ကြည့်နေကြရင်း မည်သည့် လေယာဉ်အား စီးရမည်ဟူ၍ မှန်းဆနေမိကြသည်။



ပိုင်သည် လေယာဉ်ကြီးများကိုကြည့် နေရာမှ ခရီးသည်များ ဘက်သို့ ရုတ်တရက်ကြည့်လိုက်၏။



ပိုင့်အား ဘယ်အချိန်ဘယ်ကာလမှ စိုက်ကြည့်နေသည်မသိသော ခံရွှေမြင့်နှင့် မျက်လုံးချင်းဆုံ သွားမိတော့သည်။



ပိုင်ရော ခံရှေ့မြင့်ပါ ပြိုင်တူ
မျက်စိ လမ်းကြောင်းလွှဲသွား
စေရန် ပန်တည်းလိုက်ကြ၏၊



ဒါပေမဲ့ ဒါပေမဲ့ပေါ့ သူကြည့်နေ
သေးသလား ဟူသည့် ခူးခမ်းချင်
စိတ် က နှစ်ဦးစလုံး၌ ကိန်းအောင်း
နေမိသည်မို့



ဒုတိယအကြိမ်အကြည့်ချင်းဆုံမိကြရပြန်သည် ထို့နောက် တတိယ
ခတုတ္တ ထိုခဏ အမွန်က ပိုင့်အား (အရေးထဲအရာပေါ်နေပြန်ပြီပိုင်ရယ်)
ပိုက်ရှက်သွားကာ (အိုကွာ မွန်ကလဲ)




အမွန်က ထပ်၍ (ကြာရင် ပိုဆိုးလာလိမ့်မယ်ငပိုင်ရဲ့) ပိုင်က ဖေါ်ကလေးနှင့် (ပိုဆိုးရင် ပိတ်တီးလိုက်မှာပေါ့ကွ) (နေကွာ ကိုယ်တော့မနေနိုင်တော့ဘူး) အမွန်ထွက်သွား၏။
အမျိုးသမီး
အမွန် အိမ်သာဆီပြေးမှန်း သိတော့မှ ပိုင့်ခမြာ အဓိပ္ပာယ် ရှင်းသွားကာ ပြုံးနေမိသည်။ (ဟင်း ဟင်း နို့က နို့ကို အကွက်မိနေကြတယ်လို့ မင်းနောက်နေတယ်ထင်သွား မိလို့ပါ အမွန်ရယ် ဟင်းဟင်း)
ရှက်လက်စကိုအရှိန်မသတ်မိ ပဲနှင့် ခင်ရွှေမြင့်ဘက်သို့လှည့် ကြည့်လိုက်မိ၍ ခင်ရွှေမြင့်က
အဟဲ ဟဲ..







ခံရွှေမြင့်က ငြိမ်းမောင်ကို ရှက်သွား၍ (အို ခေါခေါ တုံးကတော့သူ့ပဲ ရှိလားပြီးလားနဲ့ ) (အေး အခုရှုပြနေပြီလေ ဒီတော့ မင်းက ပြုံးပြလိုက် ပြုံးပြလိုက်) ခံရွှေမြင့်ရောင် ရမ်း၍ တကယ်ပြုံးပြလိုက်မိခဉ် ပုသိမ်သွား မည့်ခရီးသည်များ လေယာဉ်ပေါ်တက်ရန် နှိုးဆော်သဖြင့် ခရီးသည်များ လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေတော့သည်။






လေယာဉ်ပေါ်၌ ထိုင်ကြရာတွင် ခံရွှေမြင့်နှင့်တွဲလျှက်ပိုင်ကထိုင်ရပြီး
ငြိမ်းမောင်နှင့် အမွှန်တို့က ထိုင်ရသည် ထို့ကြောင့် ကိုချမ်းဆွေနှင့်
ကိုအောင်ကြည်ကိုလှည့်၍ ခံရွှေမြင့်က လက်မ ထောင်ပြလိုက်လေသည်
– အဓိပ္ပာယ်နားလည်သော. . .
ပိုင်က မျက်စောင်းကလေး
ထိုးပြစ်လိုက်သည် ခံရွှေမြင့်
ပို၍ကျေနပ်မိလေသည်။
ငြိမ်းမောင်က အကဲပါသော
ခံရွှေမြင့်ကို ကလိလို၍ ပိုင့်
ကို (ကျနော်နဲ့ နေရာလဲလေ)
(အော် ကျေးဇူးပါပဲရှင်)




ပုသိမ်လေ ဆိပ်သို့မရောက် (ဒီအမျိုးသမီးနောက်ကို လိုက်ကြည့်ချင်တယ်)
ခံရှေ့မြင့် ဆန္ဒအား ကိုချမ်းဆွေနှင့် ကိုအောင်ကြည်တို့က (ဟေ့ဟေ့ ခာရင်း
ရှုပ်မလာနဲ့ ဘုရားပူးလာတာကွ)



တကယ်တော့ ခံရွှေမြင့်လိုက်ကြည့်ရန် မဖြစ်နိုင်ပါချေ ဝိုင်တို့အား ဂျစ်တစ်စီးက တင်ဆောင်သွားလေပြီ (သွားပြီ) (ဟော ဟော လှည့်ကြည့် သွားတယ်) (သေပြစ်လိုက်ဟာ ကဲ) (ရေခက်မကုန်သေးရင် ကြုံကြအုံးမှို့ ကွယ် ကြုံကြအုံးမှို့)



ခံရွှေမြင့်တို့က နောက်မှလေယာဥ်ရုံးက ကားကြီးဖြင့် မြို့ထဲသို့လိုက်ပါခဲ့ကြရ၏။



(ထမင်းခါးပြီး သဘော်ကဆင်း) ခံရွှေမြင့်က (မြို့ထဲ မပတ်ကြတော့ဘူးလား အကိုတို့ရယ် ပုသိမ်ကသာယာပါတယ်)









ခံရွှေမြင့်ခမြာ လမ်းသို့တမျှော်မျှော်ကြည့်နေမိ၏။ (ဟာ ငါ့ပန်းကန်ထဲက ပုစွန်ထုပ်ကြီးဘယ်ကောင်အုပ်သွားလဲ အားလုံးကဝိုင်းရယ်ကြပြီး (ပုစွန်ထုပ်ကြီးက လေယာဉ်ပေါ် မှာတွေ့ခဲ့တဲ့ အမျိုးသမီးဆီ ရောက်သွားမှာပေါ့ ဟားဟား)




ခ်ရွှေမြင့်က (အေးလေ သူ့အတွက်ဆိုရင် ပုစွန်ထုပ်တစ်ထုပ်မဟုတ်ဘူး ငါ့ဘဝကြီးတစ်ခုလုံး ဆုံးရှုံးပါစေ) ကိုချစ်ဆွေက (ဟား ဟား ဟိုကမြင့် ခုနေ သူ့အမျိုးသားနဲ့ ဖုအု) (ဒီသရေကျတဲ့ ပစပ်ကို ပိတ်ထားလိုက်စမ်း) (အ ဟု အု)
ဟား
ဟား
ဟား
(ဟော့ကောင် ဟင်းတွေ ပေကုန်ပြီ ထွီ)
(ဟား ဟား ဟား) (ဟီး ဟီး)
(ကိုမယ် နီရာကီးတို့ ခါမိ တတ်ရင် အတုံးလုံးကျောင်း တက်ကြပါနော် ဟွန်း)
ဟား
ဟား
အရှုံးသမား
လုံး၀ မ၀င်
၁၁

ကိုအောင်ကြည်က တရုတ်လို (× × × ×) ပြောသည် ဆိုင်ရှင်တရုတ်က ကိုအောင်ကြည်လိုပြန်ပြောသည်(+ + + +) ကိုအောင်ကြည်က တရုတ်လို ပြန်အော်သည် (× × × × × ×)



ဆိုင်ရှင်က ကိုအောင်ကြည့်လိုပြန်အော်သည် ခံရွှေမြင့်တို့အားလုံးဘာမှ နားမလည်တစတစ် လည်ချောင်းထောင်လာသည်ကိုတော့ သတိပြုမိ၏။



နောက်ဆုံးတရုတ်က ဒါးပြေးဆွဲသည်မို့ တာကာလျှော်သောအပြေးသမားများပမာ သူထက်ငါ အလုအယက်ပြေးထွက်ကြရသည်။(မီးခာတွေ ခပ်မယ် ခပ်ကိုခပ်မယ်)




(ကဲ အရှောင် နေအုံးဘာဖြစ်တာလဲ ပြောခမ်း ပြောခမ်း) (ကျူပ် ထီမင်း ဆိုင်မယ် ဝင်နားလယ် အာခု ပက်ခံမိပေးပဲ ထွက်ပြေးလည့် ခွေးမီးခိုးတွေ ဖမ်းပါ ဖမ်းပါ)
(ဒါ မဟုတ်ပူး ဘူကာဒါးနဲ့ လိုက်လို့ပြေးခဲ့ကြရတာ)
(အေးလိုက်လယ်လေ လိုက်လယ်ပေါ့ ဟိုမိခာက ယောက္ခမလို့ ပေါလယ်ကိုး လိုက်လယ် ခပ်မီလို့ ကို လိုက်လယ် အဲ)

ရဲက ကိုအောင်ကြည်အား (ဘာဖြစ်လို့ ယောက်ျားမခေါ်လဲ) (ခေါ်တယ်လေ
ခေါ်တယ် သူက ကျုပ်ကို ငှါသားလို့ပြောတာကိုး) ရဲကြီးခေါင်းရှုပ်သွား၍
(ကဲခင်ဗျားတို့ သုံးယောက်ပြောဗျာ သူတို့လိုတော့ ဆွေမျိုးစပ်ပြမနေနဲ့)
(ကျွန်တော်တို့ ဘာပြောရမှန်း မသိဘူးခင်ဗျ) (ဟုတ်ပါတယ်ဗျာ)



ကိုချစ်ဆွေက (ကျနော့်အနေ
နဲ့ခဥ်းခားမိတာက တော့...
ကွာခိနဲ့ ပတ်သက်လို့မယ်
ကွာခိ ကွာခိနဲ့ ပြောကြတာကိုး

(တော် ဘယ်လိုသတ္တဝါတွေ
နဲ့ လာကြုံရတယ်မသိပါဘူး
ကဲ ပိုက်ဆံပေးလိုက်ကြ )






နောက်ဆုံးရဲက ပြန်ပြေ၍
ထမင်းပိုးပေးကာ သင်္ဘောကဆိ
သို့ထွက်ခဲ့ကြလေသည်။



(လာပါခင်ဗျာ လာပါမိတ်
ဆွေတို့ လိုရာခရီးကို သား
ဘောကကြီးကနေပြီး အလျင်
အမြန်ပို့ဆောင်ပေးပါ့မယ်
နော် မကြာမီရွှေသိမ်ဆိပ်
ကမ်း ကထွက်ခွာမှာပါနော်)



သင်္ဘောပေါ်အရောက်တွင် ကိုချမ်းဆွေက (နေပါဦးအောင်ကြည်
မင်းတို့ဘာတွေပြောလို့ဘာတွေဖြစ်တယ်ဆိုတာ ငါသိပါရစေကွာ
ပြေးရပြီးဘာကြောင့်ရယ်တော့ သိထားမှကွ )




(နို့ကို အမူးသမားမှတ်လို့ လာပေါက်တာကွ ဘာရမလဲ ပြန်ဆဲပြန်တာ ပေါ့ ဒီတော့ငါ့ကို သူ့သားလောက်ရှိတယ် ရိုင်းရမလားတဲ့ – ငါကခံမလဲကွ ပြန်တွယ်တာပေါ့ ဟင်း)
(ခင်ဗျားဟာ ကျုပ်ယောက္ခ မ အရွယ်မို့လို့ နောက်မှဆို ပိတ် တီးပြန်တယ်လို့ .....
(ဒါကြောင့် ဒါးနဲ့လိုက်တာ)
(ဟား ဟား ဟား သိပါဘူး ကွာ ဒါးမြင်လို့လာ ပြေးခဲ့ ရတာပေါ့) (ဘယ်မလဲ ချမ်းဆွေ ကွာမိလဲမပါပုံလား ဟား ဟား)
သိဘူး လေကွာ
၁၆



သဘော်ကမှ ဥသြ၏ အသံက ဆူညံနေသည်။ (သား ဘောကြီးဟာဖြင့် ရွှေသိန်းဆိပ်ကမ်းက ထွက်ခွာပါတော့မယ် နော် စီးနင်းလိုက်ပါလိုကြတဲ့ ခရီးသည်များ ကြွမြန်းခဲ့ကြပါလို့ )
ခံရွှေမြင့်က ကိုအောင်ကြည် ကိုကာလိုလို၍ မယောင်မ လည်ဖြင့် ထွက်လာခဲ့သည်။ ကိုအောင်ကြည်တို့ဘယ်သူ မှ မသိလိုက်ကြ
ခဏအကြာတွင် လောက်စပီကာမှ (ဦးအရှောင်ခင်ဖျား ခင်ဖျားသမက် ကိုအောင်ကြည်က သဘော်ထွက် တော့မှာမို့ အမြန်လာပါတဲ့ ဟုတ်ပါ တယ် ဦးရှောင်ရေဘောကြီးက ထွက်တော့မှာ ခင်ဖျာ ထွက်တော့မှာပါ





စံရွှေမြင့်သည် ပိုင့်ကို သတိရမိသည် သူ့မိတ်ဆွေ ပိုင် ဘယ်နေရာမှ ဘွားခနဲ ပေါ်လာမလဲဟူ၍ အမြဲလိုမျှော်လင့်နေမိသည်။ ထို့ကြောင့် သင်္ဘောပေါ်တွင် နေရာအနှံ့လိုက်ရှာဖွေမိရှာသတည်း...




မတွေ့သည့်အဆုံးပြန်အိပ်လိုက်လေသည် . . ချမ်းဆွေတို့က (အမ်မယ်
လေးခံရွှေမြင့်ရဲ့ အိမ်ပြန်ကြလို့မှမေးကြရင် ဘယ်လိုဖြေရမလဲကွ )
(လေယာဉ်ပေါ်မှာပိုးထိလို့ ပေါ့ကွာ)
အိပ်ပျော်သွားခဲ့ ရုတ္တရက်
ဆူညံသော အသံဗလံများ
ကြောင့် ခံရွှေမြင့်မှာ (အာ)
သင်္ဘောချင်းအရှောင်တွင်တမီးကို
တမ်းမီးဟွန်းကြီးများ တော့ကာ သီချင်း
အပြိုင်မှုတ်ကြသည်မှာ ပျော်စရာပါပေ
နိုးပတ်သံနှင့် ကိုထွန်းရွှေ၏
အသံက လိုက်ဖက်ညီလှသည်။


နီမြန်းထားသော နေလုံးကြီးသည် မြစ်ကြောင်းတစ်လျှောက် တဘုတ်ဘုတ် ခုတ်မောင်းနေကြသော ဘုရားပွဲ သင်္ဘောများအား သေးသေးယာ ဝေးကွာ ခေကြောင်း ဆုမွန်တောင်းရင်း နှုတ်ခွန်းဆက်သနေရှာပေပြီ
ကြံရည်ရောင်ပမာ ရေလျှာနိမ်းနိမ်းတွင် တေးသံတွေ တလွင်လွင်နှင့် အခုန်အဆန်ခုတ်မောင်းနေကြသော စက်သင်္ဘောတို့မှာလည်း ဘုရားပွဲ ခရီးသည်များအတွက် မမော နိုင်မပမ်းနိုင်ရှာအားကြ
နိမ်းညိုညို့တောင်တန်းတို့ သည်လည်း မှုလအရောင် ပျောက်၍ အမှောင်ဒြောက်တွင် ငိုက်မြည်းနေကြလေပြီ. . .

(ဘောဂကြီးဟာ မကြာခင်မှာ ဟိုင်းကြီးကျွန်းကိုဆိုက်ကပ်ပါမယ်)
သည်တော့မှ ခံရွှေမြင့်သည် အမှောင်တန်း၌ တလက်လက်လင်းနေကြ
သော မီးရောင်များကို ကြည့်ရင်း (အင်းဟိုင်းကြီးကျွန်းကိုရောက်မှကိုး)



ဟိုင်းကြီးကျွန်း၌ ခရီးသည်တချို့ချ၍
ခမောက်မော်သို့ ခရီးဆက်သည် ည
ဆယ့်တစ်နာရီမှ ခမောက်မော်ရောက်
သည် (ရောက်ပြီပေါ့)



ဆိုင်တန်းများ စည်ကားလှသည်မို့
(ဒါလားမော်တင်. ) (ဒါမဟုတ်
သေးဘူး ဒီကမှ တဆင့်ကားစီးရ
အုံးမှာ . .)



ခမောက်မော်မှ မော်တင်သို့ကားဖြင့်ဆက်ကြရသည်။ သဲသောင်စပ်မှ ဒလစပ်မောင်းနှင်နေကြသော ကားများမှာ အဆက်ပြတ်သည်ဟူ၍ မရှိပေ ချောင်းပြတ်များ၌ ကားပြတ်မောင်း သောအခါ မကြုံဘူးသူများအဖို့ ရင်ဖိုဖွယ်ရာတည်း..



ဆယ်ငါးမိနစ်ခန့်အကြာ...
(ဟိုမှာ မော်တင်စွန်းဘုရား..)
ပင်လယ်ပြင်မှ လှိုင်းဖွေးဖွေး
တို့ ဖောင်တော်ဦးစေ
တီသို့ဦးခိုက်နေကြပုံမှာ
လရောင်အောက်တွင်ကြည်နူး
ဘွယ်ရာ ကောင်းလွန်းလှသည်
ဂယက်သံက စိတ်ဓာတ်ကိုမြှူးကြွ
စေသည်မို့ လားမသိ ခံရွှေမြင့်တို့မှာ
ရေအိုးမှ ငါးများလောင်း
ချလိုက်သည့်အလား သောင်
တွင် ခုန်ပေါက်ပြေး
လွှားနေမိကြသည်

ဒီလှိုင်းသံများက သူတို့အား
သြဘာပေးနေကြလေသည်..။









ပြီးတော့ လမ်းသလားနေကြသည် (ကဲ အချိန်မရှိတော့ဘူး အိပ်ကြအုံးမှ) (အိပ်တာက ဟုတ်တယ် နေရာကတော့ မလွယ်ဘူး) (အေးကွာ ကုန်းတော်ပေါ်မှာလည်း နေရာလပ်မရှိတော့ဘူး) (လာကွာ ရှောက်ရှာကြသေးတာပေါ့)




(ဟော့ ဟိုးဘက်က ဆိုင်ခန်းလွတ်တွေမှာ သွားအိပ်ကြရင်ကော)
(ဟုတ်တယ် သဘော့ဖျာဝယ်ခင်းမယ်) အားလုံး သဘောတူ သဘော့ဖျာ ဝယ်ရန်ဆုံးဖြတ်ပြီးနောက်
(ဟိုက် နို့ထက်ဦးတဲ့ လူတွေ မနဲပါလား အပြည့်ပဲ)
(ဟာ ဒီကြားမှာ လွတ်နေ တယ်ဟေ့ လာကြလာကြ ဖျာတွေ ယူခဲ့ဟေ့ ငြိမ်းမောင်)

ပါသမျှ ပစ္စည်းများ အလယ်တွင်ထား၍ ဝိုင်းအိပ်ကြလေ၏။ ပင်ပန်းနေကြပြီမို့ စကားပင် မပြောနိုင်ကြတော့ပေ။



ခံရွှေမြင့်ခေါင်းကို လာဆွဲ၍
တခေါင်းနှင့် တွက်ရင်းဘာ
လုပ်ငါ့ခေါင်းလာဆွဲတာလဲ)



သည်တော့မှ ပိုကဲလာသည်
ခေါင်းတခုလုံးဆောင့်ဆွဲ
သွားလေ၏။ (ဟော့ကောင်)










အားလုံးနိုးကြသည်နှင့် (ဘာဖြစ်ကြတာလဲ) (သူ သူ) ခံရွှေမြင့်က (ခင်ဗျားပါ မတွေ့ဘူးလား ကျုပ်ခေါင် ခင်ဗျားလက်ထဲမှာတင်ရှိသေးတယ်) အားလုံးက (အေးဟ )





ပိုင့်ခမြာရှက်ရှက်ကြီးဖြင့် (အမှန်က စောင်တစ်ခုလုံး) ဆွဲခြုံသွားတော့ ကိုယ်ကလဲ မိရာ ပြန်ဆွဲမိတာပေါ့ ပြီးတော့ ပထမ သည်ဘက်မှာ ဘယ်သူမှ မရှိတာကိုး လို့)
ရော့ စောင်
ဖြစ်ရတယ်ကွယ် ကဲကဲ စိတ်မရှိပါနဲ့ သူငယ်ရယ်)
(မရှိပါဘူး ဝမ်းတောင်သာမိ ပါတယ်) (ဘာ) (အော် ဒီလို လေ စောင်များဆွဲတာ သူမ ဟုတ်ပဲ ကျနော်သာများမိရင် ပြဿနာရှင်းရမှာ မဟုတ်ဘူး ဒါကြောင့် သူ့ကိုပဲ ကျေးဇူးတင်ရအုံးမယ် )







ခံရှေ့မြင့်မှာကား ပိုင်သူ့အနားတွင် ရှိနေသည်ဟူသော အသိစိတ်ကြောင့် အိပ်၍မပျော်နိုင် သူမအိပ်ကြောင်း သိစေချင်သေးသည်မို့လည်း တအီး အီး တအင်း အင်း အသံပေးနေမိပြန်သည်။ (အင်း အဟမ်း ဟမ်း)




မနက်မိုးစင်စင်မလင်းသေး၊ ဗိုင်တို့အုပ်စု ရှုသုံ့ရှုသုံ့နှင့် အလျှပြင်နေကြတော့သည်။ ကိုချမ်းဆွေကထ၍ ခုနစ်သံဖြင့် (ဩကာသ ဩကာသ ဩကာသ)
ဗိုင်တို့အားရှုံခြင်းဖြစ် သော်ငြားလည်း တခြားတဲမှ (တိုးတိုးသက်သာ မဟုတ်ပူးတော် တကာတဲ ကိုယ့်အိမ်မှတ်သလားမသိ)
(အော ဖွဲ့အသံကိုတော့ နားကလောတယ် - ဟိုဘက်က ငရဲ ပွက်နေတောကျတော့ သာယာနေတယ်ပေါ့ ဟင်း ဟင်း ကောင်းဗျာ သိတ်ကောင်း)
၂၉


ဒေါ်လုံးက လှမ်းတွယ်လိုက်
ပြန်လေသည်။ (ဖိမ်နဲ့ နေချင်
ကိုယ့်အိမ်မှာ ကိုယ်နေကြ
ခေါင်းလားမြှောင်းလားနဲ့
လုပ်မနေကြနဲ့ ဟင်း)



(အဒေါ်ကြီး အဲဒါလင်များကို
ပြောနေတာ ခံမနေခမ်းပါနဲ့
ပြန်တွယ်ပြစ်) ကိုအောင်ကြည်က
တွန်း၏။



သည်တော့ အပွားကြီးကမနေ (ကိုယ့်အိမ်မဟုတ်လို့ပေါ့ ကိုယ့်အိမ်သာဆို လုပ်လွှတ်လို့ ဟင်း) ဒေါ်လုံးက (ရှင်နော် မကြီးမငယ်နဲ့ ) (ဟုတ်တယ် တော်ကတော့ ခြီးကောင်ပေါက် ကလေးကို ) အမွန်နှင့် ပိုင်တို့က ရှက်၍ ပြန်ပြေကြရှာ၏။





တပက်တဲမှ အပွားကြီးထွက်သွားပြီမို့ စံရွှေမြင့်က ဒေါ်လုံးအား ရောလို
သောဆန္ဒနှင့် စကားစလိုက်၏။ (အလကား အပွားကြီး) ဒေါ်လုံးက
သူ့အားရည်ညွှန်းသည့် အထင်နှင့် ပြန်ပေါက်လိုက်၏။ (ဘာပြောတယ်)
(အလကားအပွားကြီး လို့)
(မင်းသေချင်လား) (အပ်ကို
ကျနော်ပြောတဲ့ အပွားကြီး
ဆိုတာက ဟိုမိန်းမကြီးပါ
ဘယ်ဒေါ်ဒေါ်က အပွားကြီး
ခေါ်လောက်အောင်မှ မကြီး
သေးတာပဲ) (ဟင်း ဟင်းသိ
ဘူးလေ မင်းက ) (ဒါနဲ့ဒေါ်
ဒေါ်တို့ ဘယ်သွားကြအုံးမလဲ)



အမှုန်က (မြေ့တောင်) (ဟာ ကျနော်တို့လဲ သွားမှာပါပဲအဖော်ရတာပေါ့)
(အမယ်လေးတော်ပါကွယ် ခုဖြစ်တဲ့ကိစ္စမှာ ဟိုနှစ်ကောင် တရားခံ တော်ပါပြီ တော်ပါပြီ)
ဒေါ်လုံးတို့အုပ်စုထွက်သွားကြသည် ဝိုင်ကတချက်လှည့်ကြည့်သွားသည်။
ခံရွှေမြင့်က (သွားကုန်ပြီ လိုက်ကြမယ်လေ လုပ်ပါဆို)
အားလုံးက (သွားဗျား
ဟား ဟား ဟား ဟား)







ပိုင်တို့အုပ်စုက မြေတောင်သွားမည့် ကားဂိတ်သို့မသွားပဲလိပ်ကျွန်းတို့ သွားနေသည်ကို မြင်သောအခါ စံရွှေမြင့်မှာ (ဟေးမြန်မြန်လာကြပါ မမှီလိုက်ရင် ယက်နေပါ့မယ်)



(ခေါခေါက ပြောတော့ မြွေတောင်သွားမယ်ဆိုပြီး ခုတော့)(အဲဒါနှင့် မေတ္တာရှိလို့လွဲပြောတာပေါ့) (ဒီသူကပြော ရှာတာ ဟုတ်ပါဘူး ဟိုခုတ် မှားမကာပြောတာပါ )




ဂါးပေါ်သို့ သမ္ဘာန်ဖြင့် ကူးကြရ၏ ဂါးပေါ်သို့ ရောက်နှင့် နေသော ပိုင် သည် နော်ကသမ္ဘာန်ဖြင့် ပါလာသော ခံရွှေမြင့်ကို မြင်၍ ဝမ်းသာသလိုလို

မြွေတောင်သွားမည်ဟု အမှန်က ပြောထား၍ လွဲတော့မှာပဲ ဟု ပိုင့်စိတ်တွင် ကြိတ်ခံမှုပင် နေမိရသည် ခုတော့ ခုတော့ပေါ့ (ဟင်း တော်ပါသေး....)





ပခင်မငြိမ်မနေနိုင်သောအမွန်က (ရှင်တို့မြေ့တောင် သွားကြမယ်ဆို)
(ဟုတ်ပါတယ် ဒါပေမဲ့) ခံရွှေမြင့်က စကားကို ရပ်ထားလိုက်ပြီး ပိုင့်ကို
ကြည့်လိုက်လေသည်။



ပိုင့်မျက်နှာက ကျေနပ်
မှုက ပေါ်ပြနေသည် သို့
သော် အမွန်ကတော့ဖြင့်
(တမင်လမ်းလွှဲလာကာမှ)
(ရေခက်ကြောင့် ပေါ့ ဟဲဟဲ)

ပိုင် ခံရွှေမြင့်ကို အားနာနေမိသည်။
သို့သော် အမွန်ကဂျစ်လုပ်နေပြန်တော့။
သူခံရွှေမြင့်ကို မျက်နှာသာမပေးရဲ့ပေ
အမွန်အထင်သေးခံရမည်ကို ပိုင်
ကြောက်သည်။







လိပ်ကျွန်းသို့ ရောက်ရာတွင်
ဖေါ်လုံးမှာမူးနေ၍ ပိုင်တို့ပါ
ကျွန်းပေါ်သို့မဆင်းကြရတော့ပါ
အမွန်က (ကိုယ်တို့ချည်း
သွားရင် ဟိုသတ္တဝါက ရှိ
သေးတယ် မသွားပါနဲ့ကွာ)
အင်း
လေ
အားလုံးဆင်း၍သာလိုက်ဆင်းရသည် ခံရှေ့မြင့်လုံးဝမဆင်းချင် ပိုင်ကျန်ရစ်
သည်မို့ သူ့အပို့ ကျွန်းပေါ်သို့ဆင်းရသည်မှာ ရည်ရွယ်ချက်မဲ့နေ၏။
ဒါကြောင့်လည်း
ဘာလုပ် ပေး
တာ ပါ လိမ့်


ပိုင်တယောက် ခရုဆင်းကောက်နေ၍ ခံရွှေမြင့်အမောခံ ပြေးခဲ့ရကျိုးနပ် သွားသည်။ (ခရုကောက်နေလား)
ပိုင်က မပြေမို့ ဂါးဆီသို့လှမ်းကြည့် လိုက်ပြီးမှ ( ဟုတ်ကဲ့ ) ခံရွှေမြင့် အားတက်သွားမိသည်မို့ (လုပ်ပြီး သားဝယ်လိုက်ရောပေါ့နေ ကပူပါဘိနဲ့)
(အော် ပိုင့် ကိုယ်တိုင်ရှာ ဖွေယူရတာမျိုးမို့ ပိုပြီး အမှတ်တရ ရှိတာပေါ့)




ဆေးတံတိုတည့်လောက် ရော့သောက်တော့ပေး မယူလိုက်က မိုက်လို့ ထင်ယူလိုက်ပြန်က ကြိုက်လို့ထင် ဟူသောကဗျာကလေးက ပိုင့်ခေါင်းထဲ ပြေးဝင်လာသည်မို့



ဂါးပေါ်တွင် လူများမရောက်သေးကြောင်း အမှတ်ရလိုက်၍ခံရွှေမြင့်က တက်လိုက်သွားပြီး အမွန်အလေခ်၌ ခရုပုတီးကိုပိုင်တို့အိတ်များပေါ်တွင် တင်ထားလိုက်လေသည်။



သည်တခါတွင် ပိုင်ကအသာအယာ အိတ်တွင်း သို့ထည့်လိုက်လေတော့ သည်။



အမွန်ခံရွှေမြင့်အားတွေ့ သည်နှင့် (အန္တရာယ်ကောင် ကခေါခေါခ်ီးခ်ီးရောက်လို့)



အမွန်က မျက်နှာကို ရှုမ်ခေါက်ချိုး ပမာ ပုပ်သိုးထားပြန်တော့ ပိုင့်အနေ နှင့် ခံရွှေမြင့်အား လုံးဝမျက်နှာ သာမပေးရဲ့ရှာ။
ပြီးတော့ ပိုင့်ဘဝကယောက်ျားလေး မဟုတ်ခေါ်လုံးနှင့် အမွန်တို့အာ ထင်အမြင် သေးမသွားစေ ရန် ထိန်းသိမ်းနေ နေရ၏။
ခရုပုတီးများအား မည်သူ မှမမြင်ခင် သိမ်းဆီးလိုက် နိုင်သည်ကိုပင် ဝမ်းသာရသေး တော့သည်။

ခရီးသည်များစုံသောအခါ လိပ်ကျွန်းမှ မော်တင်သို့ ပြန်ခဲ့ကြသည်။



ခြိမ်ခြိမ်တောက် ပူလောင်သော နေရှိန်ကြောင့် နွမ်းနယ်နေကြသည်တကြောင်း ဂါးမှစက်သံတဘုတ်ဘုတ်ကြောင့် ပျင်းရိလာသည်တကြောင်း ကြောင့်ခရီးသည်အားလုံးလိုလို အိပ်ရင်းလိုက်ပါလာကြသည်။ မျက်လုံး ကျယ်လျက် မညှိုးမနွမ်းလန်းလန်းဆန်းဆန်း ရှိနေသူများကား ခံရွှေမြင့် နှင့် ပိုင်။




ခံရွှေမြင့်က ပြုံးပြသည်တွင် ပိုင်ခမြောရှက်ရှုံ့ရှုံ့မျက်နှာကလေးဖြင့်
မရဲတရဲကလေးပြုံးတုန့်ပြလိုက်မိရှာလေသည်။ လမ်းတလျှောက်
နှလုံးသားမှ စကားဆိုကြ၏။
အမွန်က မျက်စိအပွင့် ခံ
ရွှေမြင့်က ပြုံးအပြ၊ အမွန်
သည် မလုံမလဲ ဖြစ်သွားပြီး
ပုံးရင်းပီရင်း (ဘယ်လိုရှုလဲ)
ပိုင်က ဘာမှမသိသည့်သို့
(ဟော အမွန်တောင် နိုး
လာပြီ အိပ်ချင်အိပ်အုံးလေ)


(တော်ပါပြီ ပိုင်ရယ် ဟို အငမ်းသရဲကြောင့် အိပ် ရတာ လိပ်ပြာမလုံပါဘူး) ပိုင်မပြောသာ၍ ငြိမ်နေ၏။
ပိုင့်မျက်နက်အစုံမှာ ခံရွှေမြင့်ထံသို့ လွှတ်လွှတ်လပ်လပ်ရောက်မလာ နိုင်ရှာကြတော့
တခါတရံမှ ဝှေ့ကာပိုက်ကာ ဆုံလာရသည် ထိုသို့ဆုံစည်းရသည်က ပို၍ အရသာရှိသည်ဟု ခံရွှေမြင့်ထင်မိသည့်အချိန်ကား တိုတောင်းလေစွ မော်တင်သို့ပြန်ရောက်ပေပြီ။

မော်တင်၌ အိပ်ယာမှ ထလာကြရသော ငြိမ်းမောင်တို့က ရေချိုးမည်ဆုံး
ဖြတ်၍ ရေချိုးကြသည် (ငံတယ်ဟေ့)



ကမ်းခြေတလျှောက် အပွဲလိုက်
အသင်းလိုက် ရေချိုးနေကြပုံ
မှာ ရေသတ္တဝါများပမာတည်း



(ဟေ့ တာဖ်ကွ တာဖ်
အ အား ဟာ)









အမွန်က (ဒါဘာလုပ်တာလဲ) (ဓာတ်ပုံရိုက်တာလေ) (ရှင့်ကိုဘယ်သူက
ခွင့်ပေးလို့ရိုက်တာလဲ) (ဘာဖြစ်လို့လဲဗျာ ကျနော်ဒီကနေ ဘုရားကိုလှမ်း
ရိုက်တာပါ ခင်ဗျားတို့က လမ်းဖြတ်လျှောက်လာတော့) (လာပါမွန်ရယ်)



ဟိုးအဝေးမှ လှိုင်းပွေးပွေးတို့ ပြေးလာသည်ကို လက်ကမ်းကြိုရင်း ဟန်အော်မြူးပျော်နေမိသူတို့တွင် ပိုင်တို့သည်လည်း အပါအဝင်

ဟား ဟား ဟား



ရေနီအဝတ်နှင့် ကျောက်ဆောင်ထက်၌ အမောဖြေနေသော ပိုင့်သဏ္ဍာန်မှာ ရေသူမကလေးသဖွယ်တည်း..



သည်ပုံစံကို ခံရွှေမြင့်က ဖွတ်ပင် ရိုက်ယူလိုက်မိလေတော့သည်။




(မင်းတို့ဘာကောင်တွေလဲ အရာရှိသားတွေလားလမ်းသရဲ တွေလား) (မမမပတ်ရပါဘူး)
ငြိမ်းမောင်က ဝင်၍ (ဒီလိုပါမြဝတီတို့ ငွေတာရီတို့ ထဲမှာခေတ်ပုံပြိုင်ပွဲတွေ ပါတယ်လေ ဒေါ်ဒေါ်ရဲ့ ဒေါ်ဒေါ်လဲ တွေ့ဘူးမှာပါလေ..)
မြွေပေါက်မလေး အမွှန်က (အဲဒါဘာပြမ်းလဲ ဒီမယ် ဒီတခါ ကျမတို့နောက် ကို လိုက်ဝန့်လိုက်ကြစမ်း ရဲ့လက်ကိုအပ်လိုက်မယ် ဒါနောက်ဆုံးသတိပေးခြင်း ပဲသွားကြ) ကိုချမ်းဆွေက (ရဲ့လက်အပ်ရင် သောသောခြာခြာ သိမ်းပေးပါ လို့မှာပါနော် နော်)
၄၆

တယောက်တပေါက်စကားများကြသည်။ လိမ်မာပါးနပ်သော ကိုအောင်ကြည်က (ဟော့ကောင်တွေလာကြ သူတို့ကမိန်းကလေးတွေဆိုတာ မင်းတို့သိထားရမယ် အန္တရာယ်တွေ) စံရွှေမြင့်ခမျာ အမွှန့်အား နှုတ်ဆက်သည့် အကြည့်ဖြင့်ကြည့်ရင်းကုန်းပေါ်သို့ တက်ခဲ့ရလေတော့သည်။ ကျောက်ဆောင်ကြီးများနှင့်အပြိုင် မရှုပ်မယှက်ရစ်နေသော ပိုင့်ကိုကြည့်၍ သူ၏ အသိစိတ်များသည် စံရွှေမြင့်နှလုံးသားတွင် စိုဝင်လိုက်ပါသွားကြောင်း သိသာလွယ်လွန်းလှပေတော့သည်။




(ပိုင်တွေ့ကြုံခဲ့တဲ့ ဇာတ်လမ်းကလေးက အဲဒါပဲရှိတယ် ဇာတ်လမ်းက သည်မှာတင် ဆုံးရင် ပရိသတ်ကတော့ လက်ခံကြမယ်မထင်ဘူး ကိုစံရွှေမြင့်ဟာသာဆက်ပြီး အကြံအအပန်လုပ်ယူပေါ့နော် ကိုစံရွှေမြင့် ကတော်သွားပဲဟာ)
(ဟင်း ဟင်း သိတ်မှန်တာပေါ့ ပိုင်ရယ် ဒီလောက်နဲ့ အဆုံးသတ် လို့ကတော့ဘယ်လက်ခံချင်ကြမလဲ ဆက်ပြီးကြံရပန်ရ အုံးတော့ မှာပေါ့ဟား ဟား ဟား)
ကျနော် ပိုင့်ဇာတ်လမ်းကို အသာထားလိုက်ပြီး ခါတ ခေါင်ကောက် ရေးလိုက်မိ သည့် ပိုင့်လိပ်ခါနှင့် ပိုင့် ဆီကိုပါ. . .

ချိုသက်ပိုင်

ဇာတ်လမ်းက မဆုံးသေးတော့ ကျန်ဇာတ်လမ်းအတွက် ကျနော် ခေါင့်ချင်သေးတယ်။ ဒီလိုလေ မော်တင်မှာ ပိုင်နဲ့တွေ့ခဲ့တဲ့ ချာတိတ်ကလေ ကျနော့်ဆီကို ပိုင်နဲ့အလားတူ ဇာတ်လမ်းတပုဒ်ပို့ထားတယ်

ဟဲ ဟဲ ကျန်ဇာတ်လမ်းကို ပိုင်က ကိုခံရွှေမြင့်ဆက်ကြံပါလို့ ခွင့်ပေးထားတယ်ဟုတ်လား၊ ဒီတော့ဇာတ်လမ်းဆက်ရေးနိုင်အောင် ဆိုရင် ကျနော်က ပိုင်နဲ့အဲဒီ အမျိုးသားကိုအောင်သွယ်ပေးလိုက်ရုံပေါ့ ပိုင်က ရယ်စရာဇာတ်လမ်းကို နှစ်သက်တယ်မဟုတ်လား
ကျနော့်အတွက် မရယ်ရမဲ့ အသဲကွဲဇာတ်လမ်းကြီးရေး
ရအောင် မပန်တည်းလိုက်ပါနဲ့ လို့

ကျေးဇူးတင်လျက်




(ဟေး ဟေး ငြိမ်းမောင် ကိုအောင်ကြည် ကိုချစ်နို) သူတို့နောက်နေ၍
ကားကို သတိမထားမိ (အမေး) (သောတော့မှာပဲ ဘယ်လိုဖြစ်တာလဲ ဒါက)
(ဘုရင်တပါးပင်လယ်
ထဲလက်ခွပ်ကျ ငါး
ဗိုက်ထဲက ပြန်ရ အဟာ
ဟာ ဟာ အဟား ဟား)
(ဒိုင်နဲ့ ရှုံးလာပြီထင်တယ် )
ကိုချစ်ဆွေက ခမ်းသပ်သော
မျက်နှာပေးဖြင့် (ဟော့ကောင်
နဲ့မယ်တွေ ပြောခမ်း ဘူ)




သည်တခါတော့ သူတို့မေးမြန်းမနေကြတော့ မဟားဒယားလိုက်မော့ကြသည်။ ပြီးတော့ (ကောင်းတယ် အများကြီးကိုကောင်းတယ် ဘာဆုပေးရမလဲ တိုက်နိုင်ပါစေ ဟီးဟီး)




သည်ကနေ့ ကာတွန်းဆရာခံရွှေမြင့်လာမည်ဆို၍ ပိုင်အကြီးအကျယ် စိတ်များလှုပ်ရှားနေလေသည်။ မဲမဲကြီးလား – ရှည်ရှည်လား ပုပုလား ဟုလည်း တွေးနေမိ၏။ သို့သော် အဓိကစိတ်ဝင်စားသည်က ကာတွန်း ဆရာကို မဟုတ်ပါ။ သူနှင့်ပါလာမည်ဖြစ်သော သတင်းများကိုသာ . . .
အိမ်ရှေ့၌ မာစီဒီးကားတစီးထိုးရပ်လာသည် (ဟော)
(ကြွပါရှင် ကြွပါ အိမ်ထဲကို) ပိုင့်အသံများ ကတုံချင်ချင်







(ကဲကဲ သန်းသန်းထိုက်ကို ခေါ်လိုက်ပါ) (ရှင်) (သန်းသန်းထိုက်ကို ခေါ်လိုက်ပါ)
(သန်းသန်းထိုက် မရှိဘူး) (အပြင်သွားတာလား) (မဟုတ်ဘူး) (ဒါဖြင့်ဘယ်သွား
သလဲ) (ဒီအိမ်မှာ သန်းသန်းထိုက်ဆိုတာ ရှိကိုမရှိတာ) (အို)




ထိုလူက ဒီတော့မှ (ဒါ အမှတ် ၄၃ မဟုတ်ဘူးလား) (၃၄ ပါ ၄၃ မဟုတ်ပါဘူး)
(အိုဆောရီး ဆောရီး ၄၂ မှတ်လာရာက ဘယ်နှယ် ၃၄ ဖြစ်သွားတယ် မသိဘူး သွားပါဦးမယ် ခင်ဗျာ)
ထိုလူသွားမှ ပိုင့်ခမြာ သက်ပြင်းချမိရှာသည်။
ဆိုက္ကားတစီးရပ်၍ လူတယောက် ဆင်းလာပြန်သည် ထိုလူကပိုင်ကို မြင်လျှင် ပြုံးပြီးမှ ခပ်တည်တည်ပြန် ဖြစ်သွားသည်။ (ပိုင် ရှိသလား ကျွပ်ပဲ ပိုင်မဟုတ်ဘူး လူပိုင် လူပိုင်)
၅၄








(မလှသူမို့ အိမ်ထဲမဝင်ရဘူးဆိုရင်လဲ ပြန်ပါ့မယ်) (အို နေ နေပါအုံးလေ ဟို ရှင်ခံရွှေမြင့် အစစ်နော်) (အာ အစစ်ပေါ့ဗျ ရေရောရအောင် ကျုပ်က နွားနို့ လည်းမဟုတ် အရက်လဲ မဟုတ်လှုပ်ပဲဟာ အစစ်ပါဗျ)




(ဒါဖြင့် ခါပေလုပ်သားကဒါပြ) ထိုလူက ထုတ်ပြမည်ပြုပြီးမှ (အို ဟို အိမ်မှာ မေ့ကျန်ခဲ့ပြီ) ပိုင်က လာမခမ်းနဲ့ ဟူသော မျက်နှာပေးဖြင့် (သည်က ခံရွှေမြင့်ကတွေ ဖတ်ထားတာပါရှင် နော) (အို အခုခ်ပါဆိုနေမှပဲ)
(ဟော ဒီမှာ တွေ့လား အမိဆီ ကခါတွေ အဲ အဲ ပိုင့်ဆီက)
သည်တော့မှ ပိုင်က အိမ်ထဲသို့ခေါ်လေပြီး
ထိုင်


(အဟာမ်း ကျူပ်တို့တော့ မရှက်နဲ့
နော် ပို့သူငယ်ကလေ သူ့ပြဿနာ
တွေကို အကုန်လာရင်ဖွင့်ထား
တော့ ကျူပ်မှာမနေသာလို့ အခုလို
ကာတွန်းဆရာတန်ပဲ ပတ်ဗလန်
ရှာ အဲဒီအောင်သွယ်လုပ်ရတာ)
ဗိုင် ဘာပြောရမည် မသိရင်
ထဲတွင်လည်း ဇလောင်ဆူသွား
မိလေသည်။ (အောင်သွယ် တဲ့)
(မရှက်နဲ့နော် ကျူပ်ကို မိန်းမချင်း တိုင်ပင်ဖော် တိုင်ပင်ဖက်လို သဘောထား
အခု ပို့ သူငယ့်အိမ် က သူ့တို့သဘောတူတဲ့လူနဲ့နဲ့တိုက်တွန်းနေကြတယ်။
အဲသူကလေ မော်တင်မှာတွေလာတဲ့ မင်းမှမင်းဖြစ်နေရှာတယ် မင်းကသာမသိ
တာကိုး ခမြာမတော့ သနားစရာလေးပေါ့ အဟွတ် အဟွတ် )


(ကျုပ်ကို မရှက်နဲ့နော် ကျုပ်လဲငယ်ရာကကြီးလာတာပဲ အဲဒီသူငယ်ကလေး
က ဆရာရယ် လက်ထပ်ခွင့်တောင်းပေးပါတဲ့ သနားစရာလေးပါကွယ်
တွေ့ခကထက်ပိန်တောင်
သွားရှာတယ် အဒီပ်အခါး
မမှန်ဘူး ထင်ပါရဲ့ အခင်း
ဒီမိတ်ကာလဲ အဆိုးသား)
ပိုင် ကာဘာမှပြောမထွက်
(ကျုပ်အနေနဲ့ကတော့ လိမ်မနေခေ
ချင်ဘူး အမိဇာတ်လမ်းမှာရော သူ
ငယ့်ဇာတ်လမ်းမှာပါ တယောက်
ပေါ်တယောက်ဘယ့်လောက် တွယ်
တာနေမိကြတယ်ဆိုတာ ကျုပ်က
ပတ်မိထားတဲ့ လူကိုးမလိမ်ပါနဲ့
ဘယ်သူ့ကိုမှ မလိမ်နဲ့ ပြတ်ပြတ်သာ
ပြော







(အိုဆရာရယ် လက်ထပ်ပို့ထိတော့ ပိုင်မရဲပါဘူး အိမ်ထောင်တခုတည်
ထောင်တာဟာ စွန့်စားမှုတရပ်ပါ လွဲမှားခဲ့ရင် မိန်းမသားများအဖို့ အိုသူ
သတ္တိမရှိလို့အိမ်က မီးမံရာကို ခေါင်းငုံ့လဲခံပါစေ ရှိပါစေ)




(ကောင်းပြီ ပိုင့်သဘောကျ ခေါင့်ပါမယ်ဆိုရင်ကော့ ပိုင့်အနေနဲ့ သူ့ကို သစ္စာရှိရှိ ဆရာကကြားကာပါ )
(ပြောခဲ့ပြီပဲ ဆရာရယ် )
ပိုင်က ရှက်ရှက်နှင့်ဆို၏
(ဒါဖြင့် ဒို့ သူ့ကိုခေါ်လိုက်မယ်)
ပိုင့်မျက်လုံးကလေးများ ပြူး ကျယ်သွားပြီး (သူပါလာတယ်)


(ဟုတ်ကဲ့ ခင်ဗျားကိုနောက်
ပိုးကြီးပါလာပါတယ်ဗျာ
သိတ်တွေချင်နေပြီလား)
(ဆရာကလဲ ဘာမှန်းလဲသိဘူး)
ပိုင့်ခမြာ ရှက်လွန်း၍
မျက်နှာအားဝှက်ထား
လိုက်မိလေသတည်း...
(ပေါး ပိုင် ဒီမယ်ကြည့်ခမ်း) (ဟင် သူ သူ ဒါနဲ့ကာတွန်းဆရာခံ့ရွှေမြင့်ရယ်ဆို
သိပြီ ဒါကိုခံ့ရွှေမြင့်က ဒါရိုက်တာ လုပ်လွှတ်လိုက်တာ ဟုတ်လား နေပါခေအုံး
ဒီလူကြီးတော့) (မဟုတ်ပူး ပိုင်ရေ မဟုတ်ပူးကွ)
၆၁


(ကာတွန်းခံရွှေမြင့်က ကိုယ်တိုင်မင်းသား ကိုယ်တိုင် ဒါရိုက်တာခင်ဗျာ့)
ပိုင်နားမလည် (ဘယ်လို ဘယ်လို)(ကာတွန်းခံရွှေမြင့် ဆိုတာလဲ ဒီခါကိုပါပဲ
လေ)
(ဟောဒီမှာများ ခါပေ
လုပ်သားကဒ်ကြည့်)
(ဟာယ် ပိုင်နဲ့ မော်တင်မှာတွေ
ခဲ့တာက ကာ . .တွန်း . .ကို
ခံ . .ရွှေ . .မြင့်)







(ရှက်မနေနဲ့တော့ ပိုင်ပေးထားတဲ့ ဇာတ်လမ်း ဆက်ဆွဲဘို့ရှိပြီ ညားကြလေ
သတည်း ဟီးဟီး) (ဟော့အေးဟော့ အေး သူနော် သူ့သိတ်ကိုလည်း သိမှာပဲ)






ကာတွန်း: သိမ်းဇော် ရေးဆွဲသည်

# ခိုး ခြိုးဇော်

ဆိုးမြင့် စာပေမှ ထုတ်ဝေ - သိပ္ပာ စာပေ - ၃၂ - ၁၀၁ - လမ်း
ကန်တော်ကလေး မှ ဖြန့် ချိသည် - ကြိုတင်မှာကြားကြပါရန်